ဝါကျတစ်ကြောင်းကို စနစ်တကျ ရေးစီနိုင်ဖို့ ဆိုတာ စာလုံးပေါင်းသတ်ပုံက စပြီး ပုဒ်မ ထည့်တဲ့အထိ သတိမူစရာတွေ အများကြီး ရှိပါတယ်။ အခြေခံ လိုအပ်ချက် ၃ ရပ် ဖြစ်တဲ့ 'စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံး' ဆိုတာတို့အပြင် 'ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတ'တွေ နေရာတကျ သုံးနှုန်းတတ်ဖို့၊ 'အရေးစကားပြေနဲ့ အပြောစကားပြေ' ခွဲခွဲခြားခြား သုံးနှုန်းတတ်ဖို့၊ 'ပုံမှန်ဝါကျနဲ့ တိုက်ရိုက်အပြော' ကွဲကွဲပြားပြား သုံးနှုန်းတတ်ဖို့၊ စကားလုံးတစ်လုံးနဲ့ တစ်လုံး အကာ်အခွာ ပုံစံတကျ သုံးနှုန်းတတ်ဖို့ စသဖြင့် လေ့လာစရာတွေ အထွေထွေ ရှိပါတယ်။ ဒါတွေကို စနစ်တကျ လေ့လာသိရှိထားရင် ဝါကျတစ်ကြောင်း ရေးစီရတာ အင်မတန် လွယ်ကူလာမှာ ဖြစ်ပါတယ်။

*စာရေးသူရဲ့အမှာ* မှ

ဆရာအေးကျော်မင်း၏လက်ရာ မြန်မာစာရေးထုံးဆိုင်ရာ ဆောင်းပါးများကို ပွင့်ဖူးသစ် စာမျက်နှာထက်တွင် တစ်လတစ်ပုဒ် ပုံမှန် ဖော်ပြခဲ့သည်။ ထိုစာပေဆောင်းပါးများကို စာဖတ်ပရိသတ်များက မျှော်လင့်ထားသည်ထက် အဆပေါင်းများစွာ အားပေးခဲ့ကြသည်။ ယခုတော့ ထိုဆောင်းပါးများကို စာအုပ် တစ်အုပ်တည်းတွင် စုစုစည်းစည်း မြင်တွေ့ဖတ်ရှုခွင့် ရလာခဲ့ပြီဖြစ်သည်။

*မောင်အေးကို(ပေါင်းတာလည်)၏ 'ပွင့်ဖူးစေရာမေတ္တာလွှာ'* မှ

## မာတိကာ


- ❑ ပွင့်ဖူးစေရာမေတ္တာလွှာ ၁
- ❑ စာရေးသူရဲ့ အမှာ ၇
- ၁။ စိတ်ထင်တိုင်း မရေးသင့် ၁၁
- ၂။ ပြေပြစ်တာမို့ စကားပြေ ၁၉
- ၃။ မြန်မာဝါကျပီပီ ဖြစ်ဖို့ ၂၉
- ၄။ တန်းလန်းကြီး မထားခဲ့ပါနဲ့ ၄၁
- ၅။ 'ရှု'ရှင်းတမ်း ၅၇
- ၆။ မှတ်မိမှတ်ရာ မှတ်နိုင်တဲ့အခါ ၆၃
- ၇။ တစ်လုံးဆို တစ်လုံး ၇၁
- ၈။ နာမည်တွေထဲမှာ အဖြေရှာ ၇၉
- ၉။ တစ်ကြိမ်မက သုံးနှုန်းစရာ ၈၉
- ❑ ကျမ်းကိုးစာရင်း ၁၁၄